ဝန်ဂင်း
Read on the move

# ခေတ်သွေး

# ဗလ

အချစ်ဟာသ လုံးချင်းဝတ္ထု



ချွတ်မလေးရေ...

သံစဉ်အဟောင်းတွေနဲ့ ငါ့ဘဝကို အရေလဲပြီး

ရောင်ခြည်အသစ်တွေနဲ့ ခရီးဆက်ကြမယ်

လမ်းဆုံးရင် ရွာတွေ့ရမှာပေါ့

အဓိက,က "စိတ်"ပါပဲ...

ကြိတ်မနိုင် ခဲမရတဲ့ ဒို့အဖြစ်ဆိုးတွေကို

မီးပုံ ရှို့ပစ်လိုက်စမ်းပါ

ပြာကျရင် လေလွင့်သွားလိမ့်မယ်...

မနက်ဖြန်ဆိုတာကို ခေါက်ထားကြပြီးတော့

ဒီတစ်ညကို

ပိုးစိုးပက်စက် အိပ်ပစ်လိုက်မယ်...

(အိပ်မက်လှလှလေးနဲ့ပေါ့...)

ကြေကွဲစရာဆိုတာ...

အဖြေကို အမြဲညာတတ်လွန်းလို့

လူလိမ်ကြီးလို့ သတ်မှတ်ထားမယ်...

သဘောတူရဲ့လား...?

ကဲ...သဘောတူရင် မျက်စိမှိတ်

ဒီတစ်ည သေသေချာချာ အိပ်မယ်...။ ။

*

“ဗျို့. .ဒေါ်ကြီးခင်လှ. .ဒေါ်ကြီးခင်လှ. .”

အိမ်ရှေ့က အမောတကော ခေါ်သံကြောင့် ဒေါ်ခင်လှတစ်ယောက် ပျာပျာသလဲထွက်လာပြီး

“ဟဲ့. .ဖိုးတုတ်. .ဘာဖြစ်လာတာလဲ. .အထိတ်တလန့်နဲ့. .”

“ရွာ. .ရွာထဲမှာ. .ဗလ. .ထန်းရည်မူးပြီး ရန်ဖြစ်လို့. .အဲဒါ. . .”

ဒေါ်ခင်လှတစ်ယောက် ဖိုးတုတ်စကားကြောင့် ရင်တုန်ပန်းတုန်ဖြစ်သွားတယ်။ ပါးစပ်ကလည်း

“ဘုရား. .ဘုရား. .ဒီ ကလေးတော့ ခက်ပါတယ်. . ဗလ ဗလ. .နင်ဟာလေ ဒီမုဆိုးမ မအေအိုကြီးကိုပဲ. . အမြဲဒုက္ခပေးနေတယ်. .”ဆိုပြီး ညည်းနေတယ်။

“အဲဒါ. .ဒေါ်ကြီးခင်လှ. .သွားလိုက်ဦး. .ဒီအချိန်ဆိုရင်တော့ သူကြီးအိမ်ကိုရောက်. .ရောက်နေလောက် ပြီ. .”

“ဩော်. .အေး အေး. .ကျေးဇူးပါပဲ. .ဖိုးတုတ်ရယ်. .ငါလိုက်သွားပါ့မယ်. .ဟင်း. . ”

ဒေါ်ခင်လှကတော့ သားဖြစ်သူ ဗလအတွက် စိတ်ပျက်လက်ပျက်နဲ့သက်ပြင်းတစ်ချက်ချပြီး သူကြီးအိမ်ကို သွားဖို့အတွက် ပြင်ဆင်နေပါတယ်။

ဒီတစ်ခါလည်း ဘယ်လောက်လျော်ရဦးမယ် မသိ။ ဒီကလေးဟာလေ ရန်ဖြစ်တာကိုပဲ ဝါသနာပါသလားမ ပြောတတ်ပါဘူး။ တကယ်ထဲ. .အားအားရှိ ရန်ပဲဖြစ်နေတယ်။ ရွာထဲမှာ ဖြစ်ချင်ဖြစ်။ အဲ. .ရွာထဲမှာ ရန်မဖြစ်ရလို့က တော့

တခြားရွာကလူတွေနဲ့ ပွဲကြမ်းပြီသာမှတ်။

လူကသာ လူ့ဖလံလေး။ ကြီးလိုက်တဲ့ စိတ်က မြင့်မိုရ်တောင် ထက်သာတယ်။ စိတ်ကလည်း ဘာဆတ်သ လဲ မမေးနဲ့။ သူ့အဖေ ငယ်ငယ်တုန်းကအတိုင်းပဲ။ သူ့အဖေကလည်း အဲလိုလူစွာလုပ်လွန်းလို့ အပေါက်ကျဉ်းနဲ့ သေသွားရတာ လေ။ ဘယ်မှာ လက်သည်ပေါ်လို့လဲ။ အဲဒါကြောင့် မအေဖြစ်သူက ဖအေလို မဖြစ်သင့်တာ မဖြစ်ရ လေအောင် ဆိုဆုံးမပေမယ့် ဒင်းက ဖအေတူသား။ အတော် ခေါင်းမာတဲ့ ကလေး။ ခက်တယ်. .ခက်တယ်. .။

မအေက ငွေထုတ်ပိုက်ပြီး ဖြစ်တဲ့ ပြဿနာကို ဒိုင်ခံဖြေရှင်းပေးနေလို့သာပေ့ါ။ မဟုတ်လို့ကတော့ မလွယ် ဘူး။ ရွာထဲမှာ “စီ” ကနဲ မကြားလိုက်နဲ့ အဲဒါ “ဗလ”ပဲ. .။ ဟိုတစ်ခါကလည်း ရွာထဲက သာဖေကို သူ့ရှေ့မှာ ကွမ်း တံတွေး ထွေးရကောင်းလားဆိုပြီး တုတ်နဲ့ ကောက်ဆော်လိုက်တာ. .။ ဘယ်နည်းလို့လဲ။ သုံးချက်ချုပ်ယူရတယ်. ။

ဒီတုန်းကလည်း တစ်ဖက်သူတွေ ကျေနပ်အောင် ခြေသလုံးဖက်တောင်းပန်လိုက်ရတာ . .။ တကယ့်ကို ငွေ ကုန်လူပမ်းပဲ. .။ ဒင်းကို ဖတဆိုးသားလေး. .တစ်ဦးတည်းသော သားလေးဆိုပြီး အလိုလိုက်ခဲ့မိတာကို အခုမှပဲ နောင်တကောင်းကောင်းရမိတယ်။

ပညာရေးကျတော့လည်း စိတ်ကမဝင်စားဘူး။ ဆယ်တန်းကို လေးနှစ်ရှိပြီလေ ကျတာ။ ဟောဒီနှစ်လည်း ငါးနှစ်မြောက်အနေနဲ့ ဖြေထားပါသေးတယ်။ မထင်ပါဘူး။ ထုံးစံအတိုင်းပဲ နေမှာပေ့ါ။ မိဘကိုလည်း ဘာတစ်ခုမှကူ ဖော်လောင်ဖက်မရဘူး။ ထမင်းစားချိန်လေးနဲ့ အိပ်ချိန်လေး ပြန်ရောက်လာရင်ကိုပဲ သူ့ကို ကျေးဇူးတင်နေရတာ ။

ဒင်းက အပျော်အပါးကျလည်း မက်လိုက်သေးတာ။ ဖဲဝိုင်း၊ ကြက်ဝိုင်း. .သွားမကြည့်လေနဲ့။ ဒင်းက ဒိုင်ပဲ. ။ အဲ. .သူကသာ မဲညစ်ရင်ညစ်မယ်။

သူများညစ်တာသိလို့ကတော့ ဒင်းက ဆော်ပလော်တီးတော့တာပဲ. .။

အခုဆိုရင် ဒင်းကို တစ်ရွာလုံးက အော်ကျောလန်နေကြတာ။ မအေက ငွေစကြေးစလေးနဲ့ ရွာမျက်နှာဖုံး ဖြစ်နေလို့သာ ဒီကောင်ခံသာနေတာ။ မဟုတ်လို့ကတော့ ဗလတို့ ဒီရွာမှာ ဘယ်လူစွာ ဖြစ်ပ့ါမလဲ။

ဒင်းကိုကြည့်တော့ လက်တစ်ဆုပ်စာလေးရယ်။ အဲဒါကြောင့်လည်း "ဗလ"လို့ အမည်တွင်လာတာပေ့ါ။ နာ မည်အရင်းကတော့ ဇော်ထိုက်တဲ့။ ဒါပေမယ့် တစ်ရွာလုံးက ကလေးအစ ခွေးအဆုံး ဒင်းကို ဗလလို့ပဲ သိတယ်။ ဇော်ထိုက်လို့များ သွားမမေးလေနဲ့။ ရွာလယ်သွားမယ်။ ဘယ်သူမှသိမှာမဟုတ်ဘူး။

ဗလက ဒီရွာနီးချုပ်စပ်မှာတော့ နာမည်ကြီးပဲ. .။ မင်းသား နေတိုးကို မသိရင်သာနေမယ်။ "ဗလ"ဆိုရင် တော့ အကုန်သိတယ်။ ဒင်း. .သတင်းလေးကလည်းမွှေးနေတာကို ဘာတဲ့. . .သူ့ရန်ဖြစ်တိုင်း ပြောတတ်တဲ့ စကား တစ်ခွန်းက. . .ဩော်. .သိပြီ သိပြီ. . ."ဗလကွ. . .ဗလသာမရှိတာ ဇ နဲ့ကွ"တဲ့လေ. .။

တော်သေးတာက မိန်းမကိစ္စမရှုပ်လို့ပေ့ါ။ ဒီနှာခေါင်းကိစ္စပါ ပါလာရင်တော့. .သံတိုင်တွေကြားမှာ ဒင်းမျက် နှာငယ်လေးကို မြင်ယောင်သေးတယ်။ ခြေငြိမ်သွားအောင်ဆိုပြီး မအေလုပ်သူကတခြားရွာသူကောင်မလေးတစ် ယောက်နဲ့ ဒင်းကို ပေးစားဖို့ ကြံသေးတယ်။ ဒင်းက ဒါမျိုးကျ စိတ်ကိုမဝင်စားတာ။ လက်လည်းမခံဘူး။ လူသာ သေးတာ။ လေကြီးလေကျယ်က ပြောသေးတာရယ်. .။ နှလုံးသားက ရင်ခုန်သံတွေ သူ့နားနဲ့ ဆတ်ဆတ်ကြားရမှ လက်ထပ်မှာတဲ့လေ. .ဒင်းက။

ပြောလို့သာ ပြောရတာ ပါ. .။ ဒင်းကို ယူရဲမယ့် မိန်းကလေးကိုလည်း မမြင်မိပါဘူး။ ဟိုတစ်ဖက်ရွာက မိန်း ကလေးကိုတောင် မအေဖြစ်သူက တစ်ဖက်လှည့်နဲ့ ငွေပုံပေးပြီး ဆွဲဆောင်ထားလို့သာ။ ဒါကို ဒင်းက အပြတ်ငြင်း လိုက်တယ်လေ။ ကြီးကြီးကျယ်ကျယ်နဲ့။ ဗလ. .ဗလ. .ဒင်းအကြောင်း

ပြောရရင်တော့ မိုးသာလင်းသွားမယ်. . ဇာတ်လမ်းက ဆုံးမှာကို မဟုတ်ဘူး။

ကြားထဲက မအေကြီးက သနားစရာ။ ဖြစ်သမျှကို လိုက်ရှင်းပေးနေရတော့တာ။ သူကြီးကိုလည်း မျက်နှာပူ လှပြီ။ ခက်တာက ဒင်းပဲ. .။ ဘယ်လိုချော့ပြောပြော. .ချောက်ပြောပြော မရဘူးလေ။ ဒီတော့လည်း မဖြစ်တဲ့အဆုံး လွှတ်ပေးထားရတော့တာပါပဲ။

သူ့ကို ဆူရင်တော့ ပြန်ပြောပါလိမ့်မယ်. . .

"သားကိုပဲ ဆူမနေနဲ့ အမေရ. . .သားက ပြဿနာ လိုက်ရှာနေတာ. .မဟုတ်ဘူး. .ပြဿနာကသာ. .သား ကို တမင်သက်သက် လိုက်ရှာနေတာဗျ. ." ဆိုပြီး ဇွတ်အတင်း ခံပြောပါလိမ့်မယ်။

အခုဆို တစ်ရွာလုံးက "ဗလ"ဆိုရင် ဝေါင်ဝေါင်ရှေးပဲ. .ဝေးဝေးကရှောင်တယ်။ ကလေးတွေ ခွေးတွေ တောင် "ဗလ"လာတာ မြင်ရင် ထွက်ပြေးကြတယ်။ အငိုသန်တဲ့ ကလေးတွေများ "ဗလ" လာပြီလို့သာ ခြောက် လိုက် တိကနဲအငိုရပ်သွားလိမ့်မယ်။ ဒင်းက အဲသလောက်စွမ်းတယ်။ ရှာမှရှားဆိုတဲ့ အစားထဲကပဲ. . .ဒင်းကိုဆိုရင် တစ်ရွာလုံးက သရဲတစ္ဆေတစ်ကောင်လို ကြောက်ကြလန့်ကြတယ်။

ဘယ်သူတွေ ဘယ်လိုထင်ထင် ဗလကတော့ ဂရုလုံးဝမစိုက်။ ကိုယ့်ထမင်း ကိုယ်စားပြီး ကိုယ်ကြိုက်တာ ကိုယ်လုပ်နေတာတဲ့လေ။ ကွယ်ရာမှာ အတင်းအဖျင်းတွေ ပြောချင်သလောက် သာပြော အဲ. .ရှေ့မှာတော့ နည်း နည်းမှ ကျွံမလာလေနဲ့. .ဗလအကြောင်း ကောင်းကောင်းကြီး သိသွားရလိမ့်မယ်။

တစ်ရွာလုံးနဲ့ တစ်ယောက်ဆိုပေမယ့် ဗလက သူမမှားပါဘူးတဲ့လေ. .။ ဟုတ်မှာပါ. . .ဟုတ်မှာပါ. . .။ ကဲ. . အဲဒါတွေ နောက်ထား။ အခုလောလောဆယ်တော့ ဒေါ်ခင်လှတစ်ယောက် သူကြီးမင်းအိမ်ကို ပိုက်ဆံအိတ်က လေးဆွဲပြီး သုတ်ခြေတင်သွားလေရဲ့. .။

*

“ဗလ. . .မင်းဟာက မလွန်လွန်းဘူးလား. . .ကျော်ထက်က သူ့ဖာသာ ထန်းရည် မှာသောက်တာ. .မင်းကို ရန်စတာမှမဟုတ်တာ. . .”

“ဒါ. .သက်သက်မဲ့ ဗလကို ရန်စတာပဲ သူကြီးရ. . .ဒီတစ်မြူထဲပဲကျန်တော့တဲ့ ထန်းရည်ကို ကျွန်တော်ယူဖို့ ပြောပြီးသားလေ. .ဒါကို ဒီကောင်က. . .”

ဗလရဲ့ အာလေးရှာလေးသံကြီးကို သူကြီးခင်မျာ မနည်း သည်းခံပြီးနားထောင်နေရတယ်။ ချဉ်စူးစူး ထန်း ရည်နံ့ကလည်း ထောင်းထောင်းထလို့။ ဒါကိုပဲ ဗလက သူ မမူးပါဘူး။ မူးလို့ရန်ဖြစ်တာမဟုတ်ရပါဘူးတဲ့. .။ အတင်းခံငြင်းနေတာ။

“ကဲကဲ. .ဘာပဲဖြစ်ဖြစ် ဗလ. .မင်းမှာ အပြစ်ရှိတယ်. .ကျော်ထက်က. .မင်းမှာထားတာ လည်း သူမသိဘူး. . ထန်းရည်က ဒီတစ်အိုးထဲကျန်နေတာလည်း သူမသိပါဘူးတဲ့. .ဒါကို မင်းက မပြောမဆိုနဲ့ကောက်ရိုက်တာလေ. . အခုတော့ ကောင်းသေးလား. .ထိတ်ပေါက်ခေါင်းကွဲတွေ ဖြစ်ကုန်ပြီ. . .တစ်ရွာသားချင်းတွေပဲဟာကို. .”

“ဟာ. .သူကြီးကလည်းဗျာ. .”

“သူကြီးကလည်းဗျာတွေ. .ဘာတွေလုပ်မနေနဲ့. .ဟိုမှာ မင်းအမေ မခင်လှ. .လိုက်လာပြီ. .”

ဒေါ်ခင်လှက သူကြီးခြံဝန်းထဲ ရောက်တယ်ဆိုရင်ပဲ. .။ ရန်ဖြစ်ရတဲ့အကြောင်းအရင်းကို မေးမြန်းမနေ တော့။ တစ်ဖက်ကိုပဲ အရင် တောင်းပန်ရတယ်။ သူ့သားအကြောင်း သူသိပြီးသားကို။ ဘာပဲဖြစ်ဖြစ် ဗလဘက်က အမှားပဲ. .။

“ကျွန်မ တောင်းပန်ပါတယ်ရှင်. . .ကျွန်မ ကျေနပ်တဲ့အထိ

တောင်းပန်ပါတယ်. .ဆေးဖိုးဝါးခကိုလည်း ကျွန် မပဲ ကျခံပါ့မယ်. .”

“ဘာမှ တောင်းပန်နေစရာ မလိုပါဘူး အမေရာ. .”

“ဟဲ့ကောင် ငမူး. .ဗလ. .နင့်ပါးစပ် ပိတ်ထားစမ်း. .”

ဗလကို ပိတ်ဟောက်လိုက်ပြီး ဒေါ်ခင်လှက တစ်ဖက်လူတွေကို တောင်းပန် သမှုထပ်ပြုနေတယ်။

“ကျွန်မသားက အဲလိုပဲ. .မူးရင်. .လူစိတ်ကို ရှိတာမဟုတ်ဘူး. .ဒင်းရင် မြန်မြန်သေမှ. .ကျွန်မရင် အရင် သေမှပါရှင်. .ဒင်းနဲ့လည်း စိတ်ဆင်းရဲလှပါပြီ. .”

“ကျွန်မတို့က. .အလျှော်လိုချင်လို့ သူကြီးကို လာတိုင်တာ မဟုတ်ပါဘူး. . .ရှင့်သား ဗလက မိုက်ရိုင်းလွန်း လို့ လာပြောတာ. .”

“ဟာ. .ဒီမိန်းမကြီးကတော့ဗျာ. .”

ကျော်ထက်အမေရဲ့ စကားကြောင့် ဗလက ရှူးရှူးရှားရှား ထဖြစ်လာတယ်။

“ဟဲ့ကောင် ဗလ. .တိတ်စမ်း. . .ဟုတ်ပါတယ်ရှင်. .ကျွန်မ ကျေနပ်အောင် လုပ်ပေးပါ့မယ်. .”

“ကျွန်မသားလေးခေါင်းက ဒဏ်ရာက နည်းတာမဟုတ်ဘူးရှင့်. .ကျွန်မကတော့ ရှင့်သားကို အပြစ်ပေးမှပဲ ကျေနပ်နိုင်မယ်. .သူကြီး. .ဒီကောင့်ကို ပြစ်ဒဏ်ပေးပါရှင်. .”

တရားလိုဘက်က အဆိုကြောင့် ကြားထဲက သူကြီးမင်း ခေါင်းကုတ်တယ်။ ဗလကတော့ မှင်သေသေပဲ။ ဒေါ်ခင်လှကတော့ သူကြီးကိုတလှည့် ကျော်ထက်အမေကို တလှည့်စီကြည့်ပြီး မျက်နှာငယ်လေးနဲ့။

“မလုပ်ကြပါနဲ့ရှင်. . နောက်ကို ဒီလို မဖြစ်စေရပါဘူးရှင်. .ကျွန်မ အာမခံပါတယ်”

“အို. .မရဘူး. .အပြစ်ပေးမှုကို ကျေအေးနိုင်မယ်. .”

“ကဲကဲ. .တော်ကြပါတော့. .ကျုပ်အဆင်ပြေအောင် လုပ်ပေးပ့ါမယ်. .ကဲ. .မခင်လှ ခင်ဗျား. .ကျုပ် ဆုံး ဖြတ်ချက်အတိုင်း နာခံမှာလား. .”

ဒေါ်ခင်လှက ခေါင်းညိတ်ပြရင်းမှ “နာခံပ့ါမယ် သူကြီးရယ်. .”

“ကဲကဲ. .မသောင်းစိန်ကရော ဘယ်လိုလဲ. .”

“ဒီကောင် အပြစ်ကျရင် ကျေနပ်တယ်. .”

သူကြီးက သူ့တပည့်ကျော် နှစ်ယောက်ကို မျက်နှာရိပ်မျက်နှာကဲပြလိုက်ပြီး-

“ကဲ. .မခင်လှရေ. .ဘယ်လိုမှလည်း သဘောမထားနဲ့ဗျာ. .တစ်ဖက်က ဇလကို အပြစ်ပေးမှုကို ကျေနပ် မှာ. .ဒီတော့ နင့်သားကို ထိပ်တုံးတော့ခတ်ကိုခတ်ရမှာပဲ. .မသောင်းစိန် ကလည်း ဒီလောက်ဆို ကျေနပ်ပေ့ါ. .”

စကားဆုံးတော့ တပည့်ကျော်နှစ်ယောက်က တစ်ဖက်တစ်ချက်စီကနေ ဇလကို မတယ်။

“ဟိတ်ကောင်တွေ ဖယ်စမ်း. .ဒါဘာလုပ်တာလဲ. .မင်းတို့ ဇလအကြောင်းသိတယ်နော်. .”

ဇလ စကားကြောင့် သူကြီးရဲ့ တပည့်ကျော်နှစ်ယောက် တွန့်သွားတယ်။

“ဟိတ်ကောင်တွေ. .ဘာလုပ်နေတာလဲ. .ထိပ်တုံးခတ်လေကွာ. .”

ဒီတော့မှ “ဟုတ်ကဲ့” သူကြီး. .”ဆိုပြီး နှစ်ကောင်သား ကြောက်ကြောက်ရွံ့ရွံ့နဲ့ မသွားကြတယ်။

မတ်မတ်တောင် မရပ်နိုင်တော့တဲ့ ဇလက လေလုံးကတော့

လုံးဝမလျော့။

“ဟိတ်ကောင်တွေ. .ဗလကွ. .ဗလမရှိပေမယ့်. .ဇ ရှိတယ်နော်. .”

“အဲဒါသာ ကြည့်ကြပါတော့ရှင်. . .ဒီကလေးက ဆိုးကိုဆိုးတာ. .ကျွန်မလည်း ဘယ်လိုလုပ်ရမှန်းကို မသိ တော့ပါဘူးရှင်. .”

ဒေါ်ခင်လှ တစ်ယောက် သားဖြစ်သူအတွက်နဲ့ မျက်နှာငယ်ရပေါင်းမနည်းတော့။ ထိပ်တုံးခတ်ပေးတဲ့ သူ ကြီးကိုတောင် ကျေးဇူးတင်မိတယ်။ အနည်းဆုံး သုံးရက်လောက်တော့ သူစိတ်ချလက်ချ အိပ်ရစားရမယ် မဟုတ် လား။

ဗလကတော့ ထိပ်တုံးအခတ်ခံရင်းကနေ တခူးခူးတခေါခေါတောင်ဟောက်နေပြီ။ သူကြီး ကတော့ ဗလကို ကြည့်ပြီး သက်ပြင်းချတယ်။

“ဗလ. .ဗလ. .ငါလည်း ဒီကောင့်ကို ဘယ်လိုလုပ်ရမှန်းကို မသိတော့ဘူး. .”

ဒေါ်ခင်လှကတော့ တွေးမိတယ်။

အင်း. .ဒီတစ်ခါ ငါ့သားလေး ထိပ်တုံးက လွတ်လာရင်. .ရွာဦးဘုန်းကြီးကျောင်းမှာ ချော့မော့ပြီး ကိုရင် ဝတ်ခိုင်းရမယ်. .။ ငါ့သားလေးလိမ္မာလို လိမ္မာညား။ ငါကသာတွေးနေတာ ပါလေ။ ဒင်းက ဘယ်လိုလာဦးမယ် မသိ ဘူး။

စိတ်ညစ်ပါတယ် ဗလရယ်. . .။ ။

*

ကျွန်တော့အတွက်တော့ ထိပ်တုံးခတ်ခံရတယ်ဆိုတာ ရိုးအီနေပါပြီ။ ထွေထွေထူးထူး သိပ်ခံစားမနေရပါ ဘူး။ အဲ. .ဒါပေမယ့် တစ်ခုရှိတယ်။ တစ်ယောက်တည်း ထိပ်တုံးခတ်ခံထားရတာ ဆိုတော့ ပျင်းတော့ပျင်းတာပေါ့ ဗျာ. .။

တစ်ရွာလုံးက ကျွန်တော့်ကို ပြောကြတယ်။ အမူးသမား၊ ဖဲသမား၊ လူရမ်းကား၊ အလကားကောင် စသဖြင့် ပေါ့ဗျာ. .။ ခက်တာက အဲသလို ကျွန်တော့်ကို လက်ညှိုးဝိုင်းထိုးကြတဲ့ လူတွေထဲမှာ အမေပါ ပါနေတာပဲဗျ။ ဒါ. .မ ဖြစ်သင့်တဲ့ ကိစ္စပဲ။ တစ်ကယ်ဆို အမေ့အနေနဲ့တော့ ကျွန်တော့်ဘက်ကပါသင့်တာပေါ့။ ပြေးကြည့်မှ ဒီသားအမိ လေးနှစ်ယောက်ပဲ ရှိတဲ့ဟာကို။ ထားပါ. . .။

လူတွေက ကျွန်တော့ကိုပဲ အဆိုးမြင်ကြတယ်။ ကျွန်တော် ဘာပြဿနာပဲတက်တက် ကျွန်တော်က အမှား လို့ပဲ အားလုံးက မြင်ကြတယ်။ နှစ်ဖက် နှစ်လမ်း မတွေးကြဘူး။ လူတွေက ရယ်ဖို့ကောင်းတယ်ဗျာ။ ဟော အခုဆို ကျွန်တော် ထိပ်တုံးခတ်ခံထားရတာ ကို တစ်ရွာလုံးက (အမေအပါအဝင်) ပျော်နေကြမှာ။ ရက်ကြာလေ ကြိုက်လေ ပဲနေမှာပဲ။

တကယ်တော့ ရွာကလူတွေက ကျွန်တော့်ကို အထင်အမြင်တွေစောင်းနေကြတာပါ။ ခပ်ရိုင်းရိုင်းပြောရရင်တော့ တစ်ရွာလုံးက ကျွန်တော့်ကို မနာလိုဖြစ်နေကြတာလေ။ ကျွန်တော် ပြောပြမယ်။ ကျွန်တော့်အမေ မခင်လှက ဟောဒီတစ်ရွာလုံးမှာ အချမ်းသာဆုံး။ အမေ့လက်ဝေခံ တွေက ရွာတစ်ဝက်နီးနီးရှိတယ်။ နောက်ပြီး ကျွန်တော့် ရုပ်ရည်၊ ကိုယ်လုံးကိုယ်ပေါက်နဲ့ ကျွန်တော့်ကို တစ်ရွာလုံးက ဇော်ထိုက်ဆိုတဲ့ နာမည်လှလှလေးကို ဖျက်ပြီး ဗလလို့ သမုတ်ကြတာပေါ့။ ပြီးတော့ ဟောဒီတစ်ရွာလုံးမှာ ဆယ်တန်းအထိ နေဖူးတဲ့လူဆိုတာ လက်ချိုးရေလို့ရတယ်။ အဲ ဒီလူတွေထဲမှာမှ ကျွန်တော်က အတော်ဆုံး အတတ်ဆုံး အသိဆုံးရယ်။ ဟုတ်တယ်လေဗျာ။ သူတို့တွေက ဆယ် တန်းကို တစ်နှစ်လောက် နေဖူးကြတာရယ်။ လွန်ရောကျွံရော နှစ်နှစ်ပေါ့။

ကျွန်တော်ဆိုတာက အဲဒီ့ တစ်ရွာလုံး မ နေဖူးတဲ့ ဆယ်တန်းကို နေလာတာ ဒီနှစ်ရောဆို ငါးနှစ်ရှိပြီ။

အဝတ်အစား ဒီဇိုင်းအကြောင်းပြောရဦးမယ်ဆိုရင်။ ကျွန်တော်က တယ်လီဖေးရှင်း အမြဲကြည့်တတ်တယ်။ တစ်ရွာလုံးမှာလည်း တယ်လီဖေးရှင်းဆိုတာက ကျွန်တော်တို့အိမ်နဲ့ သူကြီးအိမ်တို့ပဲ ရှိတာလေဗျာ။ ကဲ. .ကျွန် တော်က တယ်လီဖေးရှင်းထဲက ရာဇာနေဝင်းကို သိပ်ကြိုက်တာဗျ။ အဲဒီတော့ သူဝတ်သလို ဝတ်တယ်။ သူသွားသ လို သွားတယ်။ ဆံပင်ပုံစံက အစ ဒီရွာက ဆံပင်ညှပ်တဲ့ သူကို သိပ်မကြိုက်လို့ ဟိုဘက်ရွာမှာ သွားညှပ်ထားတာ။ ထန်းရည်တောင် တိုက်လိုက်ရသေးတယ်။ နောက်ပြီး ကျွန်တော်က နားပေါက်ဖောက်ပြီး နားကပ်တောင်တပ်ထား သေးတယ် အဲဒါ. .အဓိကအချက်ပဲ. .။ လူတွေက ကျွန်တော့်ကို အရူးအပေါမှတ်နေတယ်။ တကယ်တော့ သူတို့က ခေတ်အမြင်လည်း မရှိဘူး။ ရာဇာနေဝင်းလည်း မသိဘူးလေဗျာ။ ကျွန်တော်ကအမြင်ကျယ်လွန်းလို့ ဒီလိုနေနိုင် ထိုင်နိုင်တာကိုး. .။

အဲသလို. .အဲသလိုပေါ့ဗျာ. .။ ပြောပြရင်တော့ ကုန်နိုင်မယ်မထင်ဘူး။ ကျွန်တော့်ကို မနာလိုဖြစ်ကြပုံတွေ ကို. .ကျွန်တော့်ဘက်က တွေးကြည့်ကြစမ်းပါ. .။ ကျွန်တော်လို ကောင်မျိုးကို တစ်ရွာလုံးက ဖူးဖူးမှုတ်မထားသင့် ဘူးလားဗျာ။ ဟော. .အခုတော့ သူတို့က ကျွန်တော့်ကို အလကားကောင်လို့ သတ်မှတ်နေကြတာလေ။ တကယ် ရယ်စရာကောင်းတယ်။

ဖဲရိုက်တယ်ဗျာ. .။ ဘာဖြစ်လဲ. . .ဒါ. .လူတိုင်းရိုက်နိုင်တာ မဟုတ်ဘူး။ ဖဲပညာလိုတယ်. .နောက် ပိုက်ဆံရှိ ဖို့လိုတယ်။ တော်ရုံတန်ရုံလူဝင်ကစားလို့ရမလား။ ကျွန်တော်ပြောတာ မဟုတ်ဘူးလား။ သူတို့ထက် သုံးနိုင်ဖြုန်း နိုင်လို့ ကျွန်တော်က ဒိုင်တောင်ခံသေးတယ်။ ဒါကိုလည်း နာလိုကြတာ မဟုတ်ပါဘူးဗျာ။

ထန်းရည်သောက်တယ်ဗျာ. .။ ဘာဖြစ်လဲ. .။

ကိုယ့်ပိုက်ဆံနဲ့ကိုယ်သောက်တာပဲ. .။ စကားပုံတောင် ရှိသေးတယ်။ သောက်သောက်စားစား လူ့မင်းသားတဲ့။ ကျွန်တော်က အဲလို မင်းသားလေးတစ်ပါးလို ဖြစ်နေတာကို မနာလိုနေကြတာလေ။ အဲဒါကြောင့် ကျွန်တော့်ကို အကောင်းမမြင်ကြတာပေါ့။

အဲသလို အဖက်ဖက်က သာလွန်းနေတဲ့ ကျွန်တော်က ဒီရွာက လူတွေ မော့ကြည့် တာတောင် မခံနိုင်ဘူး။ အဲဒါကြောင့်လည်း ပုံစံမကျတဲ့ကောင်တွေ တွေ့ရင် ကျွန်တော်က ဆွဲရိုက် ရိုက်ဖြစ်တာ။ အဲဒါ. .ကျွန်တော် လွန်သ လားဗျာ. .။

သူကြီးလည်း ဘာမှမထူးဘူး။ ဦးနှောက်မရှိဘူး။ ကျွန်တော့်ကိုဆို ထိပ်တုံးခတ်ဖို့ပဲ ချောင်းမြောင်းနေတာ။ ခက်တာက. .ဒီတစ်ရွာလုံးမှာလည်း သူ ထိပ်တုံးခတ်ပြီး အပြစ်ပေးရမယ့် လူက ကျွန်တော်တစ်ယောက်ပဲ ရှိတယ် ထင်တယ်။ တကယ်ဆို သူကြီးအနေနဲ့ ကျွန်တော့်ကို ကျေးဇူးတောင်တင်သင့်သေးတယ်။ သူ့ခင်ဗျာ သူကြီးသာ လုပ်နေရတာ ဘာအလုပ်မှ မယ်မယ်ရရ ရှိတာမဟုတ်ဘူးရယ်။ ကျွန်တော်ရှိနေလို့သာ သူ. .သူကြီးဆိုတာကို လူ တွေ သတိရနေကြရတာ ။ မဟုတ်လို့ကတော့ သူကြီးဆိုတာ ဂျိုနဲ့လားဆိုပြီး မေးယူကြရမှာ။

ကျွန်တော်ထင်တယ်. .။ ကျွန်တော် လူမှန်းသိတတ်စကတည်းက အဲဒီ ထိပ်တုံးကို ဘယ်သူမှ အခတ်မခံရ ဖူးဘူး။ ကျွန်တော်ပဲ ဝင်လိုက်ထွက်လိုက်လုပ်နေရတာ ။

ကျွန်တော်ကတောင် စဉ်းစားမိသေးတယ်။ အဲဒီ ထိပ်တုံးကြီးကို သူကြီးအိမ်ကနေ ကျွန်တော့်အိမ်ကို ရွှေ့ ထားရင် ကောင်းမလားလို့။ အဲဒါဆို ကျွန်တော်ရော အမေရော. .ပြီးတော့ သူကြီးပါ အဆင်ပြေတယ်။

ကျွန်တော်လည်း ကိုယ်အိမ်မှာတင် ကိုယ်နေရတယ်။ သူကြီးအိမ်မှာလည်း အလုပ်မရှုပ် တော့ဘူး။ ပြီးတော့ အမေလည်း တကူးတက ကျွန်တော့်ကို ထမင်းထုပ်လာလာပို့စရာ မလိုတော့ ဘူး။ ဟုတ်တယ်နော်။ နောက်မှ

သူ ကြီးကို ဒီအကြံလေး ပြောဦးမှ။

ဒီထိပ်တုံးကို ကျွန်တော့်အရင် ဝင်လိုက်ထွက်လိုက် လုပ်တဲ့သူတစ်ယောက်ပဲ ရှိခဲ့ဖူးတာတဲ့ လေ။ အဲဒါ. . ဘယ်သူများမှတ်သလဲ။ ကျွန်တော့်အဖေ ကျော်ထိုက်ပဲ။ အဖေ မရှိတော့တဲ့နောက် ကျွန်တော်ပဲ ဒီတာဝန်ကိုယူ ထားရတာ လေ။ သမိုင်းပေးတာဝန်ပေါ့ဗျာ. .ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ဂုဏ်ယူတယ်။ အဲဒါကြောင့်လည်း ကျွန်တော်က ဒီထိပ်တုံး အခတ်ခံရတာ ကို အသည်းအသန်မငြင်းတာပေါ့။ နောက်ပြီး ကျွန်တော်က ဒီထိပ်တုံးကြီး ကိုလည်း သံယောဇဉ် ဖြစ်နေမိပြီလေဗျာ. .။

ဒါကြောင့်လည်း အမေက မကြာခဏ ပြောတာနေမှာ။ အို. .ဘာတဲ့. .။

“ဗလ. .နင်က ဖအေတူသား. .”တဲ့. .။

*

ကျွန်တော် ထိပ်တုံးကလွတ်လာတော့ ထူးထူးခြားခြားပဲ. .။ အမေက ကျွန်တော့ကို မဆူဘူး။ ဘာအပြစ်မှ လည်း မပြောသေးဘူး။ ဒါ. .ဘယ်လိုဖြစ်တာပါလိမ့်။ အမေတစ်ခုခုတော့ တစ်ခုခုပဲ။ အဲဒါကြောင့် ကျွန်တော် အမေ့ ကို မသိမသာ အကဲခတ်နေလိုက်တယ်။ အမေက ကျွန်တော် စားဖို့သောက်ဖို့အတွက် ပြင်ဆင်ပေးနေတယ်။ ကြည်ကြည်သာသာပါပဲ။ ပြီးတော့ ရေတစ်ခွက်ပါ အဆင်သင့်ခပ်ပြီး စားပွဲပေါ်ကို တင်ထားပေးတယ်။

"သားလေး. .ဗလ. .လာလေကွယ်. .ထမင်းမစားဘူးလား. ."

ကျွန်တော် ဘာစကားမှ မပြောဘဲ ခပ်တည်တည်နဲ့ ထမင်းစားပွဲမှာ ဝင်ထိုင်လိုက်တယ်၊ အမေက ထွက်မ သွားတဲ့အပြင် ကျွန်တော့်ဘေးမှာထိုင်ပြီးတော့ ယပ်တောင်လေးနဲ့တောင် ခတ်ပေးနေသေးတယ်။

"သား. .စားလို့ကောင်းရဲ့လား. . .သားကြိုက်တဲ့ ငရုံ့ခြောက်လေး. ."

". . ."

"ငါ့သားလေးကို အမေတစ်ခု ပြောရဦးမယ်. ."

ကဲ. .ကျွန်တော်မပြောဘူးလား။ အမေ တစ်ခုခု ထူးခြားနေပါတယ်လို့။ အခုပဲကြည့်လေ။ အမေ ကျွန်တော့် ကို စကားဦးသန်းနေပြီ. .။

ကျွန်တော်က မကြားဟန်ဆောင်ပြီး ထမင်းကိုပဲ ဆက်စားနေလိုက်တယ်. .။

"ငါ့သားလေး ဗလကို ရွာဦးကျောင်းမှာ သက်န်းစီးပေးချင်လို့. . အဲဒါ. ."

"အမေကလည်းဗျာ. ."

ကျွန်တော်က ငြင်းမယ်လုပ်တော့ အမေက အတင်းဖြတ်ပြောတယ်။

"ဒီတစ်ခါထဲပါ သားရယ်. .အမေ ကုသိုလ်ယူချင်လို့ပါ. ."

ကျွန်တော် သိတာပေါ့အမေရာ။ ကျွန်တော့်ကို မကောင်းကျောင်းပို့လုပ်နေတာပါ။ ကုသိုလ်က အမေ့အ တွက် အဓိကကျတာ မဟုတ်ပါဘူး။

"ဟား. .အမေကလည်း. .ကျွန်တော်ငယ်ငယ်က ကိုရင်ဝတ်ပြီးပြီးပဲ. ."

"ဩော်. .သားရယ်. .ဒါက ရဟန်းခံမှာလေ. .အမေ ရဟန်းအမဖြစ်ချင်လို့ပါ သားရဲ့. ."

အမေက ကျွန်တော်ငြင်းလိုက်မှာကို စိုးရိမ်နေပုံရတယ်။ မျက်နှာငယ်လေးနဲ့ တောင်းပန်သလို ကျွန်တော့်ကို ကြည့်နေတယ်။

"ကုသိုလ်ရေးပဲ သားရယ်. .ဒီတစ်ခါတော့ အမေ့စကားကို နားထောင်ပေးစမ်းပါနော်. ."

". . ."

"ဆရာတော်ကို လျှောက်လိုက်တော့မယ်နော်. ."

"သား. .ဆံပင် မညှပ်ချင်ဘူးဗျ. .ဒီကေက ရာဇာနေဝင်းပုံ. .ဒီအတိုင်း ဘုန်းကြီးဝတ်လို့ မရဘူးလား. ."

"ဩော်. .သားရယ်. .သာသနာ့ဘောင်ဝင်ပါတယ်ဆိုမှ ကတုံးမတုံးချင်လို့ ဘယ်ရပ့်မလဲ. .ဆံပင်က အချိန် မရွေး ပြန်ရှည်ပါတယ်ကွယ်. .ဟဲဟဲ. ."

အမေက မျက်နှာချိုသွေးပြီး ကျွန်တော့်ကို အတင်းကျောင်းပို့နေတယ်။ ခက်တာက ကျွန်တော့်ဆံပင်တွေ ကို နှမြောတယ်ဗျာ။ ဒါက နယ်နယ်ရရ ဆံပင်ပုံမှ မဟုတ်တာ။ နိုင်ငံကျော် မင်းသားရာဇာနေဝင်းရဲ့ ဆံပင်ပုံလေး ဗျာ။ ဒီတစ်ရွာလုံးမှာ ကျုပ်တစ်ယောက်ပဲ ဒါမျိုးဆံပင်ပုံ ရှိတာလေ။

"ဟော. .သာသနာ့ဘောင်ထဲမှာ အေးအေးချမ်းချမ်းနဲ့ တစ်သက်လုံး. ."

“ဟာ. .အမေ. .တစ်သက်မလုံးနဲ့နော်. .”

“အေးပါ. .သားရယ်. . အမေစကားပြောတာ လောကြီးသွားလို့ပါ. . . အမေဆိုလိုတာက သား တစ်သက် လုံးပဲ ဘုန်းကြီးဝတ်ဝတ်. .ခဏပဲ ဝတ်ဝတ် သားပျော်သလောက်ဝတ်ပါလို့ ပြောတာပါ. .”

ဟူး. .တော်ပါသေးရဲ့။ အခုမှပဲ ကျွန်တော် နေသာထိုင်သာ ရှိသွားတော့တယ်။ အမေ့စကားကိုလည်း ကြည့်ဦးလေ။ တစ်သက်လုံးပဲ ဝတ်ဝတ်တဲ့။ ဟင့်အင်း. .အသေသတ်ရင် သာသတ်သွား တစ်သက်လုံးကတော့ ဘယ်နည်းနဲ့မှ မဝတ်နိုင်ပေါင်။ လူ့ဘဝလေးရောက်တုန်း ရောက်ခိုက် လူပီသအောင်တော့ နေရဦးမယ်။ မိန်းမလေး ဘာလေးတော့ ကြုံရင် ယူရဦးမယ်. .။ ကျွန်တော်တွေးကောင်းနေစဉ် အမေ့စကားကြောင့် ပြတ်တောက်သွား တယ်။

“ဟော. .ငါ့သားလေး ဗလ. .လူထွက်တာနဲ့. .ဒီထက်အသားအရည်စိုပြေလာမယ်. .ဂလာမယ်. .အခုလို ညှပ်စိလေးမဟုတ်တော့ဘဲနဲ့ ထောင်ထောင်မောင်းမောင်းကြီး တစ်ခါတည်း ဖြစ်လာမှာ. .”

“တကယ်. .”

ဒီစကားကိုတော့ ကျွန်တော် တော်တော်စိတ်ဝင်စားသွားပြီ။ ကျွန်တော်က လူကောင် သေးသေးလေးဆိုတော့ သိပ်မခန့်ဘူးဗျ။ ဘုန်းကြီးဝတ်ပြီး လူပြန်ထွက်လာတာနဲ့. . .ဟားဟား. .ဟား. .။

“အမေ တကယ်ပြောတာနော်. .”

“တကယ်ပေါ့သားရဲ့. . .အမေက ဘာညာစရာ ရှိလို့လဲ. .”

“ဒါဆို. .ကျွန်တော် ဘုန်းကြီးဝတ်မယ်ဗျာ. .”

ကျွန်တော့်အဖြေကြောင့် အမေ မျက်နှာကြီး ပြုံးဖြီးသွားတယ်။

ဘာရယ်မဟုတ်ပေမယ့် ကျွန်တော့်အဖြေ ကြောင့် အမေအခုလို ပျော်နေတာကိုတွေ့ရတာ ကျွန်တော့်ရင်ထဲ ကြည်နူး နေမိတယ်။

"သားဘက်က သေချာပြီဆိုရင် အမေ ဆရာတော်ကို သွားလျှောက်လိုက်တော့မယ်နော်. ."

ကျွန်တော် ခေါင်းညိတ်ပြလိုက်တော့ အမေက ချက်ချင်းဆိုသလို ဆရာတော် ဘုရားကျောင်းကို အပြေးက လေး ပြေးထွက်သွားလေရဲ့။ ကျွန်တော့်စိတ်ပြောင်းသွားမှာ စိုးလို့နဲ့တူပါတယ်။ ကျွန်တော် အမေ့အကြောင်း တွေးမိပြီး တစ်ယောက်တည်း ပြုံးနေမိ ပါတော့တယ်။

*

"ဗလ" ဘုန်းကြီးဝတ်သွားပြီဆိုတဲ့ သတင်းက ရွာထဲမှာ ချက်ချင်းပျံ့လွင့်သွားတယ်။ တချို့က ဒီသတင်းကို ကြားတော့ ဘယ်လိုမှ မယုံကြည်ကြဘူး။ ယုံချင်စရာလည်း တစ်စက်မှ မရှိဘဲကိုး။ အမြဲလိုလို ပေတေသောက်စား ပြီး မူးရူးနေတဲ့ကောင်က ကောက်ကာငင်ကာကြီး ဘုန်းကြီးထဝတ်တယ်ဆိုတော့ တစ်ရွာလုံးက ဒီသတင်းကို စိတ် ဝင်စားမိကြတာကတော့ အမှန်ပဲ။

ဒီကောင်. .ဗလ. .ဟုတ်မှဟုတ်ပ့ါမလား။ ဘာ. .စိတ်ရူးတွေများပေါက်နေပါလိမ့်။ မြင်ယောင်သေးတယ် ဒင်းကတော့. .။ စတဲ့ အတွေးစတွေနဲ့အတူ လူတွေက ဗလကို မှတ်ချက်ပြုကြတယ်။

တစ်ချို့ကတော့ ဗလဘုန်းကြီးဝတ်တာကို တော်တော်ဝမ်းသာနေကြတယ်။ ရွာဦးကျောင်း က ဆရာတော် က ဗလကို ဘယ်လိုများအုပ်ထိန်းမလဲတော့ မသိဘူး။ တစ်ရွာလုံးကတော့ ဗလကို

စိတ်ဝင်တစားဖြစ်နေကြတာ ဧ ကန်ပဲ. .။

နောက်တစ်နေ့. . .

ဗလ တစ်ယောက် သင်္ကန်းကို သေသေသပ်သပ်ရုံပြီး သိက္ခာရှိရှိလေးနဲ့ ဆွမ်းခံထွက် လာတာကို မြင်တော့ တစ်ရွာလုံး ကြည်ညိုယူရတယ်။ တစ်ချို့က သာဓုတွေဘာတွေတောင်ခေါ်လို့။

ရွာသူကြီးကတောင် သူ့အိမ်ကို ဆွမ်းခံကြွလာတဲ့ ဗလကို ဟုတ်မှဟုတ်ရဲ့လားဆိုတဲ့ အတွေးနဲ့ သေသေ ချာချာကြည့်နေရသေးတယ်။

“ဟဲ့. .ဒကာကြီး. .ဘာငေးနေတာလဲ. .ဆွမ်းလောင်းလေ. .”

ဗလက ခပ်တည်တည်နဲ့ သူကြီးကို ဖိဟောက်လိုက်တော့မှ သူကြီးက ပျာပျာသလဲနဲ့. . .

“ဟုတ်ကဲ့. .အဲ. .တင်ပ့ါဘုရား. .ကြွပါဘုရား. .ထိုင်တော်မူပါဘုရား. . .”

သူကြီးက သပိတ်ကိုယူပြီး ဆွမ်းဟင်းတွေ ကပ်လှူပြီး ဗလကို အံ့သြတကြီးနဲ့ ငေးကြည့်နေသေးတယ်။

“ကိုရင် ဗလ. .ကိုရင်ဝတ်သွားတယ်လို့တော့. .တပည့်တော်ကြားမိပါတယ် ဘုရား. . .ကိုယ်တိုင်တွေ့မှပဲ ယုံတော့တယ်. .သာဓု. .သာဓု. .သာဓု. .”

“ဟဲ့. .ဒကာ. .”

“ဘုရား. .”

“ကိုယ်တော့်ကို လျှောက်တင်တာ ဆင်ခြင်စမ်း. . .ကိုယ်တော်က ကိုရင်မဟုတ်ဘူး ဒကာကြီးရဲ့. . .ဦးဇင်း. .ဦးဇင်း. .”

ဗလက သူ့ကို ကိုရင်ခေါ်တာကို မကြိုက်သဖြင့် သူကြီးကို

ပြောပစ်လိုက်တယ်။

“မှန်ပ့ါဘုရား. . .ကိုရင်ဗလ. .အဲလေ. .ဦးဇင်းဗလ. . .တပည့်တော် တစ်ခုလျှောက်တင် ပါရစေ ဘုရား. .”

“. . .”

“တခြားမဟုတ်ပါဘူး ဘုရား. . .ဦးဇင်းဗလ ဘယ်နှစ်ရက်လောက် သီတင်းသုံးဦးမှာလဲ ဘုရား. . .”

ဗလက သူ့ကို စပ်စပ်စုစုလုပ်နေတဲ့ သူကြီးကို အမြင်ကတ်ကတ်နဲ့ ဘေးပြောမလို့ ရှိသေးတယ် သူကြီးရဲ့ ပြူး တူးပြဲတဲ မျက်လုံးအကြည့်တွေကြောင့် သူတောင်ကြောင် တောင်တောင် ဖြစ်သွားတယ်။

“ဟဲ့. .ဒကာကြီး. .ဘာဖြစ်တာလဲ. .”

သူကြီးက ဗလအမေးကို မဖြေနိုင်သေးဘဲ ခွက်ထိုးခွက်လန် ရယ်ပါလေရော။ သူကြီး တပည့်နှစ်ယောက်က ပါ အဆစ်ပါသေးတယ်။

သူ့ကိုကြည့်ပြီး အသားလွတ်ရယ်နေကြတဲ့ သူကြီးနဲ့ သူ့တပည့်ကျော်နှစ်ယောက်ကို ဗလက ခပ်တည်တည် နဲ့-

“ဟဲ့ ဒကာကြီး. .ဘာကိစ္စ ဒီလောက်ရယ်နေရတာ လဲ. .”

“ဟားဟား. .ဟား. .”

“ခွီး. .ခွီး. .”

“ဟီးဟီး. .ဟီး. .”

မေးလိုက်မှ ပိုတောင်ဆိုးလာတယ်။ ဗလ မျက်နှာကို လက်ညှိုးထိုးပြီးရယ်နေလိုက်ပုံက သူ့စိတ်ကို ဆွနေ သလိုပါပဲ. .။

ဗလကလည်း သက်န်းကြီးနဲ့မို့ ငြိမ်နေတာ။ စိတ်ထဲကတော့ သူကြီးကို

တော်တော်တင်း နေပုံပါပဲ. .။

“သူ. .ကြီး. .”

ဗလက စိတ်ပေါက်ပေါက်နဲ့ အော်လိုက်တော့မှ သူကြီးတို့သုံးယောက်သားအရယ်ရပ်ပြီး မျက်နှာပိုးသတ် လိုက်ကြတယ်။

မသတ်လို့လည်း မဖြစ်။ ဗလ စိတ်ကို သူတို့တွေ သိပြီးသား မဟုတ်လား။

“ပြောစမ်း. .ကိုယ်တော့်ကို ဘာရယ်ကြတာလဲ. .ပြောစမ်း. .”

ဦးဇင်း ဗလ မျက်နှာက ဒေါသလှိုင်းတွေနဲ့အတူ နီရဲတင်းမာနေတယ်။ အလျှော့က် မကောင်းရင် အထောင်း ခံရမှာကို သိတဲ့ သူကြီးက ခပ်တည်တည်နဲ့။

“ဒီ. .ဒီလိုပါ ဗလ. . အဲလေ. .ကိုရင်. .ဦးဇင်းဗလ. .”

သူကြီးအပြောကို သူ့တပည့်နှစ်ယောက်က “တခွီးခွီး”နဲ့ ကြိတ်ရယ်နေသဖြင့် ဗလက တစ်ချက်စူးစိုက်ကြည့် ပစ်လိုက်တယ်။ ဒီတော့မှလည်း ဟိုနှစ်ကောင်ငြိမ်သွားတယ်။

“ဦး. .ဦးဇင်း. .နား. .နားမှာက. .နားကပ်ကြီးနဲ့ဘုရား. .”

“ဟမ်”

သူကြီးစကားကြောင့် ဗလသူ့နားသူ သေချာစမ်းကြည့်လိုက်တယ်။ အဲ. .ဟုတ်ပါရဲ့။ နားမှာ နားကပ်ကြီးနဲ့။ ဗလ အတော်ရှက်သွားမိတယ်။ သူကြီးကတော့ ရယ်ချင်စိတ်ကို မနည်းထိန်းထား နေရတယ်။ ဒီအချိန်မှာ ထရယ် လို့လည်း မဖြစ်သေး။

ရယ်မိလို့ကတော့ ဗလ လက်သီးကို မြည်းရလိမ့်မယ်။ ကိုယ်က သူကြီးဆိုပေမယ့် အခုချိန်မှာတော့ ဘာမှ တတ်နိုင်တာ မဟုတ်ဘူးရယ်။ သူက ဘုန်းကြီးဝတ်ကြီးနဲ့ကိုး။ ထိပ်တုံးခတ် ထားလို့မှ မရတာ ။

ဗလက ခပ်တည်တည်နဲ့ အရှက်ပြေ ပြောပြီး ထလာခဲ့တယ်။

"ဟဲ့. .ဒကာကြီးက ဘာနားလည်လို့လဲ. .သင်္ကန်းဝတ်ကြီးနဲ့ နားပေါက်ဟောင်းလောင်းနဲ့ဆို မသင့်တော်လို့ တမင်ဝတ်လာတာဟဲ့. ."

သူကြီးတို့ သုံးယောက်မှာတော့ ဗလ မရှိတော့မှ လွတ်လွတ်လပ်လပ်ရယ်ကြရတယ်။

ဟုတ်တယ်လေ။ ဗလ အဖြစ်ကလည်း ရယ်စရာကြီးကိုဗျ။ ဘုန်းကြီးက နားကပ်တစ်ဖက်နဲ့ ဆိုတော့ကာ. . . အင်း. . .။

သေချာပါတယ်. .ဒီသတင်းက များမကြာမီ အချိန်အတွင်းမှာ ဟော့ဒီရွာတစ်ရွာလုံးကို ပျံ့နှံ့သွားတော့မယ် ဆိုတာ. . . . .။ ။

*